## ထုတ်ပြန်ကြေညာချက် - သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်အားတည်ထောင်ခြင်းနှင့် ၎င်း၏အခြေခံဥပဒေအား အတည်ပြုခြင်း

ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်၊ လပလူ လဆန်း ၁၅ ရက် (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်)

ကော်သူးလေနယ်မြေ၊ တောအူးခရိုင်အတွင်းနေထိုင်ကြသည့် ဌာနေကရင်လူမျိုးစုများဖြစ်သော ကညော်ဝါ၊ ဂေဘား၊ မော်နေဘွာ၊ ပကူး၊ ဘွဲ၊ မိုဘွာ၊ နှင့် အခြားလူမျိုးစုများအပါအဝင် ကျွန်ုပ်တို့ဌာနေလူမျိုးစုကိုယ်စားလှယ် (၁၅၀၀) ဦးသည် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်၊ လပလူ လဆန်း ၁၀ ရက်နေ့မှ ၁၂ ရက် (၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် မှ ၁၂ ရက်အထိ) အထိတွင် အခမ်းအနားဖြင့်ကျင်းပပြုလုပ်ကာ ကျွန်ုပ်တို့၏ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်အား တရားဝင် အတည်ပြုပြီး ကမ္ဘာတစ်ဝှမ်းသို့ ဂုဏ်ယူဝင့်ကြွားစွာဖြင့် အသိပေးကြေညာလိုက်ပါသည်။ လွတ်လပ်စွာစီးဆင်းနေသည့် မြစ်ချောင်းများနှင့် လှပသောတောင်တန်းများဖြင့်လွှမ်းခြုံပြီး နယ်နိမိတ်အကျယ်အဝန်း ၅၇၅၄ စတုရန်းကီလိုမီတာ (၁,၄၂၁,၉၆၇ ဧက) ရှိသည့် ကျွန်ုပ်တို့၏ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်ကြီးသည် ဌာနေလူမျိုးစုလူဦးရေပေါင်း ၁၀၀,၀၀၀ ကျော်နှင့် အပင်၊ တောရိုင်းတိရစ္ဆာန် စသည့်ဇီဝမျိုးစုံမျိုးကွဲနေထိုင်ရာ အိမ်တစ်လုံးဖြစ်ပါသည်။ အင်ဒို - မြန်မာ ဇီဝမျိုးကွဲထိန်းသိမ်းရေးနယ်မြေအတွင်းနှင့် ဒေါန - တနင်္သာရီပထဝီမြေမျက်နှာသွင်ပြင်ပေါ်တည်ရှိနေသည့် ဤဥယျာဉ်ကြီးသည် ကမ္ဘာကြီးအတွက် အရေးပါသောသဘာဝဂေဟစနစ်များနှင့် ဤဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်နေသည့် ဌာနေလူမျိုးစုတို့၏ ရိုးရာယဉ်ကျေးမှုတို့အား ကာကွယ်သွားမည်ဖြစ်သည်။

ဒေသခံလူမှုအသိုင်းအဝိုင်း၊ အရပ်ဖက်ကရင်လူမှုအဖွဲ့အစည်းနှင့် ကေအဲန်ယူတို့၏ နှစ်ပေါင်းများစွာသော ကြိုးပမ်းအား ထုတ်မှု၊ တိုင်ပင်ညှိနှိုင်းဆွေးနွေးမှုနှင့် လက်တွဲလုပ်ဆောင်မှုတို့၏ရလဒ်တစ်ခုဖြစ်သော သောသီတောအူးဌာနေလူမျိုးစု များဥယျာဉ်သည် မိမိတို့၏ဘိုးဘွားနယ်မြေနှင့်နက်ရှိုင်းစွာဆက်နွယ်နေသည့် ကျွန်ုပ်တို့ဌာနေလူမျိုးစုတို့၏ အသိပညာနှင့် နေထိုင်ဆက်ဆံမှုတို့အပေါ် အခြေခံတည်ဆောက်ထားပြီး ဥယျာဉ်အတွင်းရှိကြသော အပင်၊ တောရိုင်းတိရစ္ဆာန်၊ ရေမြေ တောတောင်တို့၏အရှင်သခင်နှင့် လူသားအားလုံးအတွက် ငြိမ်းချမ်းသာယာတိုးတက်သောအနာဂတ်ကို ဖန်တီးသွား မည်ဖြစ်သည်။

ယခုကဲ့သို့ ပြင်းထန်သောပဋိပက္ခနှင့်ရာသီဥတုကပ်ဆိုးများဖြစ်ပေါ်နေသည့်အခြေအနေတွင် လူထုဗဟိုပြုမှုနှင့်တန်းတူညီ မျှမှုအပေါ်အခြေခံသည့်အုပ်ချုပ်ရေး၊ ကျားမတန်းတူပါဝင်ဆုံးဖြတ်ပိုင်ခွင့်၊ အုပ်ချုပ်ရေးနှင့်ခေါင်းဆောင်ပိုင်းတွင် ဒေသခံ လူထုအစဉ်တစိုက်တက်ကြွစွာပါဝင်ခွင့် စသည့်စံချိန်စံနှုန်းများအပေါ်အခြေခံသည့် သောသီတောအူးဌာနေလူမျိုးစုများ ဥယျာဉ်ကိုထူထောင်ခြင်းမှတစ်ဆင့် ဌာနေလူမျိုးစုတို့၏စီမံအုပ်ချုပ်ရေးစနစ်များ မည်မျှအရေးပါကြောင်းကို လက်တွေ့ ဖေါ်ဆောင်ပြသသွားမည်ဖြစ်သည်။ မတူကွဲပြားစုံလင်သော ယဉ်ကျေးမှုသမိုင်းနောက်ခံအမျိုးမျိုးကို လွှမ်းခြုံထိန်းသိမ်း သည့် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်သည် (၁) စုံလင်စွာရှိနေသည့် ဌာနေလူမျိုးစုအပေါင်းတို့၏ ဓလေ့ထုံး

တမ်းများအပေါ်တွင် အင်အားယူပြီး အချင်းချင်းအပြန်အလှန်ရင်းနှီးဆက်ဆံမှုရှိသောလုပ်ငန်းများမှတစ်ဆင့် ဌာနေလူမျိုးစုအသိုင်းအဝိုင်းတို့၏အခွင့်အာဏာကို မြှင့်တင်ပေးခြင်း၊ (၂) တစ်ချိန်တည်းတွင် စုံလင်ပြီး အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုဓလေ့ပေါင်းစုံဖြင့်ပြည့်နှက်နေသည့်လူမျိုးစုနယ်မြေဒေသများအား ယခုအတိုင်း စည်းလုံးခိုင်မြဲစွာတည်ရှိအောင် လုပ်ဆောင်ခြင်း၊ စသည်တို့မှတစ်ဆင့် မတူကွဲပြားမှုများအောက်တွင်စည်းလုံးညီညွတ်ရေး ဟူသောပန်းတိုင်သို့ အရောက်သွားမည်ဖြစ်သည်။

သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေး၊ နှင့် ယဉ်ကျေးမှုဓလေ့ထိန်းသိမ်းရေး စသည်တို့အပေါ်အခြေခံပြီး ဥယျာဉ်၏အထွေထွေညီလာခံကိုယ်စားလှယ်များအား အများပြည်သူမဲပေးခြင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်သွားမည်ဖြစ်သည်။ ဤကိုယ်စားလှယ်များသည် ဌာနေလူမျိုးစုအသိုင်းအဝိုင်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် ကေအဲန်ယူအဖွဲ့အစည်းအသီးသီးမှလာကြပြီး ပွင့်လင်းမြင်သာမှုရှိသော၊ တာဝန်ယူမှုတာဝန်ခံမှုရှိသော ပူးပေါင်းအုပ်ချုပ်ရေးစနစ်ကို ဖွဲ့စည်းထူထောင်ကြမည်ဖြစ်သည်။

ဤနေ့တွင် တောအူးခရိုင်အတွင်းရှိ ကျွန်ုပ်တို့ဌာနေကရင်လူမျိုးစုတို့မှ မိမိတို့၏ကြိုးပမ်းအားထုတ်မှုကို မြန်မာနိုင်ငံအနှံ့ရှိ ပြည်သူလူထု၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ကမ္ဘာတစ်ဝှမ်းတွင်ရှိ လူသားအားလုံးကြားသိအောင် အသိပေးလိုက်ပါသည်။ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပြည့်ဝသောအနာဂါတ်ကို ဆွတ်ခူးရန်နှင့် မြင့်မားပြင်းထန်လာသည့် အရေးပေါ်ရာသီဥတုပြဿနာများကို အဆုံးသတ်နိုင်ရန်အတွက် လမ်းကြောင်းများစွာရှိနေသည့်အချိန်တွင် ကျွန်ုပ်တို့မှာမူ ယနေ့တွင် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်မှတစ်ဆင့် လူသားနှင့်သဘာဝပတ်ဝန်းကျင် ငြိမ်းချမ်းစွာ အတူတကွရှင်သန်နိုင်မည့် အဆိုပါအနာဂတ်ဆီသို့ စတင်လျှောက်လှမ်းနေပြီဖြစ်ကြောင်း ထုတ်ပြန်ကြေငြာလိုက်ပါသည်။

ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်

ပဒိုစောသောသီဘွဲ့။ +၆၆ ၈၇၁၉၅၈၉၄၀ (ကရင်နှင့်မြန်မာဘာသာ)

ပဒိုစောအယ်ဝါး။ +၉၅ ၉၄၃ ၈၉၂ ၄၀၅၆ (Signal/ကရင်နှင့် မြန်မာဘာသာ)

ပဒိုစောသောတူထူး။ +၉၅ ၉၃၄ ၀၁၆ ၁၄၀၃ (ဖုန်း/ ကရင်နှင့်မြန်မာဘာသာ)
+ ၉၅ ၉၈၉ ၁၄၈ ၃၄၃၉ (Signal)

ပဒိုနော်စလဲ။ +၉၅ ၉၃၄ ၆၁၈ ၂၀၉၆ (ဖုန်း/ ကရင်နှင့်မြန်မာဘာသာ)
+၉၅ ၉၄၂ ၇၂၇ ၁၀၈၉ (Signal)

စောဖေါလ်စိန်ထွား။ +၆၆ ၈၁၇ ၂၄၇ ၀၉၃ (Signal/ ကရင်နှင့် အင်္ဂလိပ်ဘာသာ)